# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

**စိုက်ပျိုးရေးမိုးလေဝသစာစောင်**
**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ) ဆယ်ရက်ပတ်**
**နေပြည်တော် (၂၁-၉-၂၀၂၅)**

စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ


၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ) ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ
(မီလီမီတာ)




















## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ်မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်း ဆန်းစစ်ဖော်ပြအပ်ပါသည်။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

၁၂-၉-၂၀၂၅ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ်တောင်ပိုင်းကမ်းလွန်-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ၁၄-၉-၂၀၂၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်တောင်ပိုင်းသို့ ရောက်ရှိခဲ့ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းခဲ့ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိခဲ့ပါသည်။

### မိုးရွာသွန်းမှုအခြေအနေ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ခန့်သာရှိခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့ထက်ပိုခဲ့ကာ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်***- တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်(ပူတာအိုမြို့)တို့တွင် (၉)ရက်မှ (၁၀)ရက်၊ မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်မြို့)၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း(ရွှေကျင်မြို့)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း(ကန့်ဘလူမြို့)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇)ရက်မှ (၈)ရက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း(သာယာဝတီမြို့)၊ မကွေးတိုင်းဒေသကြီး(မင်းဘူးမြို့)၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်(သထုံမြို့၊ရေးမြို့)၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် (၅)ရက်မှ (၆)ရက် မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ တနင်္သာရီတိုင်းဒေသကြီးတွင် စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ထက် (၆)ဒီဂရီဖာရင်ဟိုက်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်(၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ မန္တလေးတိုင်း

ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် စက်တင်ဘာလ (ဒုတိယ) ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့အောက် (၁)ဒီဂရီဖာရင်ဟိုက်စီ လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း (***ညအပူချိန်***) အခြေအနေများမှာ– ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စက်တင်ဘာလ (ဒုတိယ) ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ၊ ကချင်ပြည်နယ်တွင် စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်အောက် (၁၁)ဒီဂရီဖာရင်ဟိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် (၅)ဒီဂရီဖာရင်ဟိုက်မှ (၆)ဒီဂရီဖာရင်ဟိုက်အထိနှင့် ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်းနှင့်အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း (***လေထုစိုထိုင်းဆ***) အခြေအနေများမှာ– နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၇၇%)မှ (၈၄%)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၈၅%)မှ (၉၂%) အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ– ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၂၂ မီလီမီတာ)မှ (၃၀ မီလီမီတာ)အတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၃၁ မီလီမီတာ)မှ (၄၀ မီလီမီတာ) အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ခြေမ်းပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း ***(မြေဆီလွှာစိုစွတ်မှု)*** အခြေအနေများမှာ– မကွေးတိုင်းဒေသကြီးတွင် (ခြောက်သွေ့)အခြေအနေ၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ပြည့်ဝ)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့် ရှိနိုင်ပါသည်။

### မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

### မိုးရွာရက်

မိုးရွာရက်အနေဖြင့်- ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှကွာဟချက် | မိုးရွာရက် | အမြင့်ဆုံးအပူချိန်(ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံးအပူချိန်(ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် | အမှန် | ကွာဟချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁၀၂ | ၁၈ | ၆ | ၉၁ | ၀.၂ | ၆၄ | -၁၁.၂ | ၈၈ | ၀.၅ | ၃၅ | ၆.၃ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၁၀၇ | -၆ | ၂ | ၇၃ | ၁.၀ | ၅၇ | -၂.၁ | ၈၈ | -၆.၁ | ၂၂ | ၆.၄ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၆၆ | -၃ | ၆ | ၈၇ | ၀.၂ | ၇၂ | ၁.၉ | ၈၇ | ၂.၄ | ၂၇ | -၂.၈ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၁၄၃ | ၅၀ | ၈ | ၇၆ | -၁.၀ | ၆၄ | -၀.၃ | ၈၈ | ၁.၉ | ၂၂ | -၂.၀ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၅၁ | -၈ | ၅ | ၈၇ | ၁.၅ | ၇၀ | ၁.၉ | ၈၄ | -၀.၈ | ၃၁ | ၀.၇ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၅ | ၂၇ | ၇ | ၈၄ | ၀.၅ | ၆၈ | -၀.၉ | ၉၁ | ၅.၆ | ၂၅ | -၃.၁ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၅၇ | -၇၀ | ၅ | ၉၁ | ၃.၄ | ၇၅ | ၀.၃ | ၈၂ | -၈.၃ | ၃၅ | ၉.၈ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၃ | -၉၄ | ၃ | ၉၀ | ၃.၇ | ၇၆ | ၁.၃ | ၈၁ | -၇.၁ | ၃၃ | ၈.၀ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၁၀၇ | -၄၄ | ၅ | ၈၉ | ၁.၂ | ၇၀ | -၅.၂ | ၈၇ | -၃.၂ | ၃၁ | ၇.၆ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၄၀ | -၂၃ | ၅ | ၉၃ | ၂.၃ | ၇၇ | ၂.၀ | ၇၇ | -၈.၅ | ၃၈ | ၆.၁ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၁၀၅ | ၇၀ | ၄ | ၉၂ | -၁.၁ | ၇၈ | ၀.၅ | ၈၄ | ၃.၁ | ၃၀ | -၃.၉ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ဟုမ္မလင်း | ၂၂၇ | ၁၃၇ | ၇ | ၈၈ | -၁.၁ | ၆၇ | -၆.၄ | ၉၂ | ၂.၃ | ၂၈ | ၀.၃ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | မုံရွာ | ၁၆၆ | -၉၁ | ၆ | ၉၄ | ၀.၆ | ၇၆ | -၀.၈ | ၈၇ | ၀.၃ | ၃၃ | ၁.၁ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၂၀ | -၆၆ | ၃ | ၉၆ | ၃.၂ | ၇၇ | ၃.၇ | ၇၉ | -၃.၈ | ၄၀ | ၃.၇ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး(တောင်) | ပဲခူး | ၉၃ | -၄၆ | ၆ | ၉၁ | ၃.၀ | ၇၂ | -၁.၄ | ၈၉ | ၀.၉ | ၃၁ | ၃.၄ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | တောင်ငူ | ၆၉ | -၂၈ | ၆ | ၉၂ | ၃.၃ | ၇၆ | ၁.၀ | ၈၅ | -၃.၃ | ၃၃ | ၅.၆ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ပြည် | ၈ | -၉၀ | ၂ | ၉၃ | ၂.၄ | ၇၅ | -၀.၆ | ၈၅ | ၀.၁ | ၃၄ | ၃.၃ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၉၈ | -၂၉ | ၅ | ၈၉ | ၁.၀ | ၇၆ | ၃.၂ | ၈၃ | -၄.၉ | ၃၀ | ၁.၆ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၉၉ | -၂၉ | ၈ | ၉၁ | ၃.၆ | ၇၃ | -၀.၈ | ၈၄ | -၅.၉ | ၃၅ | ၉.၂ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၄၀၂ | ၂၃ | ၉ | ၉၁ | ၆.၁ | ၇၄ | ၁.၅ | ၉၁ | -၀.၃ | ၂၈ | ၅.၄ |

**မိုးရေချိန်(-၂၀%)နှင့် (+၂၀%)အကြားရှိပါက ပျမ်းမျှခန့်ဟု သတ်မှတ်ပါသည်။**
**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်(၁)ရက်ဟုသတ်မှတ်ပါသည်။**

**နောက်ဆက်တွဲ(ခ)**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (ဒုတိယ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၁၀၂ | ၃၅ | ၃၅ | ၁၀၀ | ၃၁ | ၀ | ပြည့်ဝ |
| ၂။ | ချင်းပြည်နယ် | ၁၀၇ | ၂၂ | ၂၂ | ၁၀၀ | ၈၅ | ၀ | ပြည့်ဝ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၆၆ | ၂၇ | ၂၇ | ၁၀၀ | ၃၉ | ၀ | ပြည့်ဝ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၁၄၃ | ၂၂ | ၂၂ | ၁၀၀ | ၁၂၁ | ၀ | ပြည့်ဝ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၅၁ | ၃၁ | ၃၁ | ၁၀၀ | ၇ | ၀ | ပြည့်ဝ |
| ၆။ | ကယားပြည်နယ် | ၈၅ | ၂၅ | ၂၅ | ၁၀၀ | ၆၀ | ၀ | ပြည့်ဝ |
| ၇။ | ကရင်ပြည်နယ် | ၅၇ | ၃၅ | ၃၅ | ၁၀၀ | ၂၂ | ၀ | ပြည့်ဝ |
| ၈။ | မွန်ပြည်နယ် | ၁၃ | ၃၃ | ၃၃ | ၈၀ | ၀ | ၀ | စိုစွတ် |
| ၉။ | ရခိုင်ပြည်နယ် | ၁၀၇ | ၃၁ | ၃၁ | ၁၀၀ | ၇၆ | ၀ | ပြည့်ဝ |
| ၁၀။ | နေပြည်တော် | ၄၀ | ၃၈ | ၃၈ | ၁၀၀ | ၂ | ၀ | ပြည့်ဝ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၁၀၅ | ၃၀ | ၃၀ | ၁၀၀ | ၄၀ | ၀ | ပြည့်ဝ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၂၂၇ | ၂၈ | ၂၈ | ၁၀၀ | ၁၉၉ | ၀ | ပြည့်ဝ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | ၁၆၆ | ၃၃ | ၃၃ | ၁၀၀ | ၄၀ | ၀ | ပြည့်ဝ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၂၀ | ၄၀ | ၄၀ | ၂ | ၀ | ၀ | ခြောက်သွေ့ |
| ၁၅၊ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၉၃ | ၃၁ | ၃၁ | ၁၀၀ | ၆၂ | ၀ | ပြည့်ဝ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၆၉ | ၃၃ | ၃၃ | ၁၀၀ | ၃၆ | ၀ | ပြည့်ဝ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၈ | ၃၄ | ၃၄ | ၇၄ | ၀ | ၀ | စိုစွတ် |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၉၈ | ၃၀ | ၃၀ | ၁၀၀ | ၆၈ | ၀ | ပြည့်ဝ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၉၉ | ၃၅ | ၃၅ | ၁၀၀ | ၆၄ | ၀ | ပြည့်ဝ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၄၀၂ | ၂၈ | ၂၈ | ၁၀၀ | ၃၇၄ | ၀ | ပြည့်ဝ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

**နောက်ဆက်တွဲ(ဂ)**

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ) အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံး အပူချိန် | အနိမ့်ဆုံး အပူချိန် | ပျမ်းမျှ အပူချိန် | စိုထိုင်းဆ | ပင်ငွေ့ ရေငွေ့ ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၉၀ | ၇၄ | ၈၂ | ၈၇ | ၂၈ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၂ | ၅၈ | ၆၅ | ၉၄ | ၁၇ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၆ | ၆၉ | ၇၈ | ၈၅ | ၃၀ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၇ | ၆၃ | ၇၀ | ၈၃ | ၂၆ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၈၆ | ၆၇ | ၇၇ | ၈၃ | ၃၃ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၄ | ၆၉ | ၇၆ | ၈၅ | ၂၉ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၉၀ | ၇၅ | ၈၃ | ၈၈ | ၂၉ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၈၉ | ၇၅ | ၈၂ | ၈၄ | ၃၀ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၈ | ၇၅ | ၈၁ | ၈၈ | ၂၆ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၉၁ | ၇၅ | ၈၃ | ၈၃ | ၃၃ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၃ | ၇၈ | ၈၆ | ၈၀ | ၃၅ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၉၀ | ၇၂ | ၈၁ | ၈၈ | ၃၀ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၉၃ | ၇၇ | ၈၅ | ၈၅ | ၃၃ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၉၃ | ၇၃ | ၈၃ | ၈၃ | ၃၇ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၈၉ | ၇၄ | ၈၂ | ၈၇ | ၃၀ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၉၀ | ၇၅ | ၈၃ | ၈၇ | ၃၀ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၉၂ | ၇၆ | ၈၄ | ၈၅ | ၃၂ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၈၉ | ၇၃ | ၈၁ | ၈၆ | ၃၁ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၈၉ | ၇၄ | ၈၂ | ၈၈ | ၂၈ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၈၇ | ၇၃ | ၈၀ | ၉၀ | ၂၆ |